# ၂၀၁၇ ခုနှစ်
# တက္ကသိုလ်ဝင်စာမေးပွဲ
# မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**သမိုင်း** **ခွင့်ပြုချိန် (၃)နာရီ**

**သတိပြုရန်။** **။ အပိုင်းလေးပိုင်းလုံးကို ဖြေဆိုရမည်။**

## အပိုင်း (က)

၁။ (က) အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့်အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။ (၁၀မှတ်)

(၁) ဦးချစ်လှိုင်ခေါင်းဆောင်သော ပင်မဂျီစီဘီအေက -------- အုပ်ချုပ်ရေးကို လက်မခံဘဲ သပိတ်မှောက်ခဲ့သည်။

(၂) ဂျပန်ခေတ်တွင် တန်ခိုးအာဏာအရှိဆုံးသူတို့မှာ -------- ဂျပန်စစ်ပုလိပ်များသာ ဖြစ်သည်။

(၃) ဒိုင်အာခီစနစ်အရ ပထမဦးဆုံးအုပ်ချုပ်ခဲ့သော ဘုရင်ခံမှာ -------- ဖြစ်သည်။

(၄) ဦးနုသည် ရွေးကောက်ပွဲ၌ယှဉ်ပြိုင်ရာတွင် ဗုဒ္ဓဘာသာကို -------- ဘာသာ ဖြစ်စေမည်ဟု ကတိပေး၍ လူထု၏ထောက်ခံအားပေးမှုကို ရယူခဲ့၏။

(၅) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် -------- ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း စနစ်တကျဆောင်ရွက်ခဲ့သည်။

(၆) ရုရှတွင် မြေရှင်ပဒေသရာဇ်စနစ်မကုန်ဆုံးမီ-------- စနစ်လည်း တိုးတက်လာသည်။

(၇) ပါရီငြိမ်းချမ်းရေးညီလာခံ၌--------ကိုယ်စားလှယ်အဖွဲ့ကအဓိကအားဖြင့်တောင်းဆိုချက် နှစ်ချက်ကိုတင်ပြသည်။

(၈) အမေရိကန်နိုင်ငံသည် -------- ကမ္ဘာစစ်အပြီးတွင် အင်အားပိုမိုတိုးတက် ကောင်းမွန်လာသည်။

(၉) မာရှယ်တီးတိုးသည် လွတ်လပ်သည့် -------- ဝါဒကိုကျင့်သုံးခဲ့သည်။

(၁၀) ၁၉၉၀ခုနှစ်များတွင် အင်ဒိုနီးရှားသည် -------- အဓိကတင်ပို့ ရောင်းချသောနိုင်ငံဖြစ်လာသည်။

[တစ်ဖက်သို့

၁။ (ခ) အောက်ဖော်ပြချက်များကို **'မှား'** **(သို့မဟုတ်)** **'မှန်'** ဖြေဆိုပါ။ ဖြေဆိုချက်များကို အဖြေစာအုပ်တွင် ရေးပါ။ **(၅ မှတ်)**

(၁) ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ချုပ်သည်စည်းရုံးရေးတွင်ပိုမိုတောင့်တင်းခိုင်မာလာစေရန် တစ်ဖက်က ကြိုးစားခြင်းဖြင့် စဏ္ဍာလြူပြူစာတမ်းကို တုံ့ပြန်ခဲ့သည်။

(၂) မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ သစ်လုပ်ငန်းဖြစ်သည်။

(၃) တော်လှန်ရေးအစိုးရသည်ပြည်တွင်းပြည်ပသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုတိုးချဲ့လုပ်ကိုင်သည်။

(၄) ဂျာမနီသိမ်းပိုက်ထားသော ဘော်လတစ်နယ်မြေများကို လွတ်လပ်သည့်နိုင်ငံများအဖြစ် ပြန်လည်ထူထောင်ပေးရသည်။

(၅) စင်ကာပူသည် မလေးလူမျိုးတို့နေထိုင်ရာ မြို့နိုင်ငံတစ်ခုဖြစ်သည်။

၁။ (ဂ) အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသော အဖြေ (က) (ခ) (ဂ) တို့အနက်မှ **အဖြေမှန်တစ်ခု** ကို အဖြေစာအုပ်တွင် ရေးပါ။ **(၅မှတ်)**

(၁) မဟာဝန်ရှင်တော်မင်းကြီး --------လက်ထက်ရောက်မှ အင်္ဂလိပ်တို့သည် အခြေအနေကို ထိန်းသိမ်းနိုင်ခဲ့သည်။

(က) ဆာချားခရော့စဝိတ် (ခ) လော့ဒပ်ဖရင် (ဂ) ဆာဖရက်ဒရစ်ရောဘတ်

(၂) အငြိမ့်လောကတွင်ထင်ရှားကျော်ကြားသူများမှာ ဒေါ်စိန်ဆင်၊ ဒေါ်စိန်သုံ၊ မြခြေကျင်းငွေမြိုင်၊ ဩဘာသောင်း၊ --------၊ ယူနီဗာစီတီ မြသန်းကြည်စသူတို့ ဖြစ်ကြသည်။

(က) မထွေးလေး (ခ) ကောလိပ်စိန် (ဂ) လေဘာတီမြရင်

(၃) အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့၏ ရုံးချုပ်ကို -------- တွင်ထားရှိပြီး ရုံးခွဲများကို အချို့နိုင်ငံများတွင် ထားရှိသည်။

(က) ဟိတ်ဂ် (ခ) ဂျီနီဗာ (ဂ) နယူးယောက်

(၄) ယီဟယ်ထွမ်တပ်များက ပေကျင်းတွင် သံတမန်ရပ်ကွက်ကို ဝိုင်းထားရာ အင်္ဂလန်၊ ပြင်သစ်၊ အမေရိကန်၊ -------- ၊ ဂျပန်စသောနိုင်ငံကြီးများတပ်ပေါင်းစုဖွဲ့၍ ပေကျင်းမြို့ကို ဝင်ရောက် တိုက်ခိုက်သည်။

(က) ဂျာမနီ (ခ) အီတလီ (ဂ) ရုရှ

(၅) ဂေါ်ဘာချော့၏ ပြုပြင်ပြောင်းလဲမှုများကြောင့် ၁၉၉၀ခုနှစ်အတွင်း -------- နိုင်ငံ အနှံ့အပြားတွင် ထူးခြားမှုများဖြစ်ပေါ်ခဲ့သည်။

(က) အမေရိကန် (ခ) ပြင်သစ် (ဂ) ဆိုဗီယက်

**[တစ်ဖက်သို့**

## အပိုင်း (ခ)

၂။ အောက်ပါတို့ အနက်မှ **လေးပုဒ်** ကို မှတ်စုတိုရေးပါ။ **(၂၀ မှတ်)**

| | | |
|---|---|---|
| (က) | ကိုလိုနီခေတ် ခေတ်ဦးတော်လှန်ရေး အရေးနိမ့်ရခြင်းအကြောင်းများ | (၅ မှတ်) |
| (ခ) | ကိုလိုနီခေတ်ဂျာနယ်များ | (၅ မှတ်) |
| (ဂ) | ဖဆပလခေတ် လူမှုရေး | (၅ မှတ်) |
| (ဃ) | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် စိုက်ပျိုးရေး | (၅ မှတ်) |
| (င) | အထွေထွေစီမံချက် | (၅ မှတ်) |
| (စ) | ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်လပ်ရေးရရှိလာခြင်း | (၅ မှတ်) |
| (ဆ) | အရှေ့အနောက်အုပ်စုများဖွဲ့စည်းခြင်း | (၅ မှတ်) |
| (ဇ) | ဖိလစ်ပိုင်နိုင်ငံ အစိမ်းရောင်တော်လှန်ရေး | (၅ မှတ်) |

## အပိုင်း (ဂ)

၃။ အောက်ပါတို့အနက်မှ **နှစ်ပုဒ်**ကို ဖြေဆိုပါ။ **(၃၀ မှတ်)**

(၁) ၁၉၀၆ မှ ၁၉၂၀ ခုနှစ်အတွင်း ဝိုင်အမ်ဘီအေအသင်းကြီး၏ အမျိုးသားရေး ဆောင်ရွက်ချက်များကို ဖော်ပြပါ။ (၁၅မှတ်)

(၂) ၁၉၄၀–၄၂ အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ရာတွင် ရဲဘော်သုံးကျိပ်၏ အခန်းကဏ္ဍကို ရေးသားပါ။ (၁၅မှတ်)

(၃) မြန်မာနိုင်ငံတွင် အင်္ဂလိပ်တို့ကျင့်သုံးခဲ့သော ဗြာ ဌာန အုပ်ချုပ်ရေးကို ဖြေဆိုပါ။ (၁၅မှတ်)

(၄) အိမ်စောင့်အစိုးရလက်ထက် စီးပွားရေးကို ရှင်းပြပါ။ (၁၅မှတ်)

(၅) တော်လှန်ရေးကောင်စီအစိုးရလက်ထက် ကျန်းမာရေးဆောင်ရွက်ချက်များကို ရေးသားပါ။ (၁၅မှတ်)

[တစ်ဖက်သို့

## အပိုင်း (ဃ)

၄။ အောက်ပါတို့အနက်မှ နှစ်ပုဒ်ကို ဖြေဆိုပါ။ **(၃၀ မှတ်)**

(၁) ပထမကမ္ဘာစစ်ဖြစ်စေသည့်အခြေခံအကြောင်းရင်းများအနက်ကိုလိုနီအပြိုင်အဆိုင် ရှာဖွေခြင်းကို ရေးသားပါ။ (၁၅ မှတ်)

(၂) အိန္ဒိယနိုင်ငံတွင် ၁၉၂၁ နောက်ပိုင်း ဂန္ဓီ၏ဦးဆောင်မှုဖြင့် နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုကို ဖော်ပြပါ။ (၁၅ မှတ်)

(၃) မဟာမိတ်စစ်အုပ်စုများ အပြိုင်အဆိုင်ဖွဲ့စည်းခြင်းကြောင့် ဒုတိယကမ္ဘာစစ် ဖြစ်ပွားခဲ့ရခြင်းကို တင်ပြပါ ။ (၁၅ မှတ်)

(၄) စစ်အေးကာလ ကျူးမန်ပြဿနာ ဘာလင်ပိတ်ဆို့မှုကို ရှင်းပြပါ။ (၁၅ မှတ်)

(၅) ဒုတိယကမ္ဘာစစ်ပြီးကာလ ကမ္ဘောဒီးယားနိုင်ငံတည်ဆောက်ရေး ကြိုးပမ်းမှုကို ရေးသားပါ။ (၁၅ မှတ်)